# အရေးပေါ်အစားအစာအကူအညီ ပရိုဂရမ်
# (TEFAP) အရည်အချင်းပြည့်မီမှု

| အမည် | သင့်အိမ်ထောင်စုရှိ လူအရေအတွက် |
|---|---|
| နေထိုင်သောလိပ်စာ အပြည့်အစုံ | |

အောက်ပါဇယားသည် မိသားစုအရွယ်အစားတစ်ခုအတွက် အရည်အချင်းပြည့်မီသည့် စုစုပေါင်းဝင်ငွေ လမ်းညွှန်ချက်များ (အခွန်မဆောင်မီ) ကို ပြသပါသည်။ သင့်အိမ်ထောင်စုဝင်ငွေသည် သင့်အိမ်ထောင်စုရှိလူအရေအတွက်အတွက် ဖော်ပြပေးထားသော ဝင်ငွေတွင် သို့မဟုတ် ထိုဝင်ငွေအောက်တွင် ဖြစ်ပါက၊ သင် အရည်အချင်းပြည့်မီပါသည်။

TEFAP ဝင်ငွေ လမ်းညွှန်ချက်များ သက်ရောက်မှုကာလ ဇူလိုင်လ 1 ရက်၊ 2021 – ဇွန်လ 30 ရက်၊ 2022

| အိမ်ထောင်စု အရွယ်အစား | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | ထပ်ဆောင်း အိမ်ထောင်စုဝင်တစ်ဦးစီ ထပ်ထည့်မှုအတွက်- |
|---|---|---|---|---|---|---|---|---|---|
| နှစ်စဉ်ဝင်ငွေ | 23,828 | 32,227 | 40,626 | 49,025 | 57,424 | 65,823 | 74,222 | 82,621 | +8,399 |
| လစဉ်ဝင်ငွေ | 1,986 | 2,686 | 3,386 | 4,086 | 4,786 | 5,486 | 6,186 | 6,886 | +700 |
| အပတ်စဉ် | 459 | 620 | 782 | 943 | 1,105 | 1,266 | 1,428 | 1,589 | +162 |

သင်၏အိမ်ထောင်စုသည် ဖော်ပြပါပရိုဂရမ်များထဲမှ အနည်းဆုံး တစ်ခုတွင် ပါဝင်နေပါက သင်သည် TEFAP ထံမှ အစားအစာလက်ခံရရှိရန် အရည်အချင်းပြည့်မီပါသည်။ သင် အကျိုးခံစားခွင့်များ လက်ခံရရှိသော ပရိုဂရမ်(များ)၏ ဘေးရှိ ဘောက်စ်တွင် အမှတ်ခြစ်ပေးပါ-

☐ SNAP ☐ အခမဲ့ သို့မဟုတ် လျှော့ပေးထားသော နေ့လည်စာများ

**ဖော်ပြပါထုတ်ပြန်ချက်ကို ဂရုစိုက်၍ဖတ်ရှုပေးပါ။ သင် သဘောတူပါက၊ ဖောင်ကို လက်မှတ်ထိုးကာ ရက်စွဲတပ်ပေးပါ-**

ကျွန်ုပ်၏ နှစ်စဉ်ဝင်ငွေသည် ကျွန်ုပ်၏အိမ်ထောင်စုကဲ့သို့ တူညီသောလူအရေအတွက်ရှိသည့် အိမ်ထောင်စုများအတွက် ဤဖောင်တွင်ဖော်ပြထားသော ဝင်ငွေအတိုင်း သို့မဟုတ် ထိုဝင်ငွေအောက်တွင် ရှိနေသည်၊ သို့မဟုတ် ကျွန်ုပ်၏အိမ်ထောင်စုသည် ဤဖောင်တွင် ကျွန်ုပ်အမှတ်ခြစ်ထားသော ပရိုဂရမ်၌ ပါဝင်နေသည်မှာ မှန်ကန်ကြောင်း တရားဝင်ဖော်ပြပါသည်။ ယနေ့တွင်ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်၏အိမ်ထောင်စုသည် အိုင်အိုဝါတွင် နေထိုင်ကြောင်းကိုလည်း မှန်ကန်ကြောင်း တရားဝင်ဖော်ပြပါသည်။ ဤအသိအမှတ်ပြုဖောင်ကို ဖက်ဒရယ်အကူအညီ လက်ခံရရှိမှုနှင့်ဆက်စပ်၍ ပြည့်စုံအောင် ဖြည့်စွက်ထားပါသည်။ ဤဖောင်တွင် လက်မှတ်ထိုးလိုက်သည်နှင့်၊ နောင်တွင်ဖြန့်ဝေမှုများအတွက် အရည်အချင်းပြည့်မီရန် ကျွန်ုပ်ကို လက်ခံမည်ဖြစ်သည်ကို နားလည်ပါသည်။ ကျွန်ုပ်၏ဝင်ငွေသည် ကျွန်ုပ်၏အိမ်ထောင်စုအတွက် ဖော်ပြထားသော ဝင်ငွေပမာဏကို ကျော်လွန်သွားပါက မီးဖိုခန်းထံ သတင်းပေးပို့ရန် လိုအပ်သည်ကို နားလည်သဘောပေါက်ပါသည်။

ပရိုဂရမ် တာဝန်ရှိသူများသည် ကျွန်ုပ်က မှန်ကန်ကြောင်း တရားဝင်ဖော်ပြထားသည့်အရာကို စစ်ဆေးအတည်ပြုနိုင်ပါသည်။ မှားယွင်းသောဖော်ပြချက်ကို ပြုလုပ်ခြင်းသည် ကျွန်ုပ်အတွက် သင့်လျော်မှုမရှိစွာ ထုတ်ပေးထားသောအစားအစာ၏ တန်ဖိုးအတွက် ပြည်နယ်ထံ ပြန်လည်ပေးချေရခြင်းကို ဖြစ်စေနိုင်ပြီး ပြည်နယ်နှင့် ဖက်ဒရယ်ဥပဒေအောက်ရှိ ပြစ်မှုဆိုင်ရာတရားစွဲဆိုခံရခြင်းမျိုး ဖြစ်နိုင်သည်ကို နားလည်ပါသည်။ USDA ခွဲခြားဆက်ဆံမှုမရှိရေး ဖော်ပြချက်ကို ဤဖောင်၏ကျောဘက်တွင် ဖော်ပြပေးထားပြီး ကျွန်ုပ်၏တောင်းဆိုချက်အရ မိတ္တူတစ်စောင်ကို ရရှိနိုင်သည်ကို နားလည်ပါသည်။

| လက်မှတ် | ရက်စွဲ |
|---|---|

ဖက်ဒရယ် အများပြည်သူရပိုင်ခွင့်များ ဥပဒေနှင့် ယူအက်စ် လယ်ယာစိုက်ပျိုးရေးဌာန (USDA) အများပြည်သူရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ၊ USDA၊ ၎င်း၏အေဂျင်စီများ၊ ရုံးများ၊ ဝန်ထမ်းများ၊ နှင့် USDA ပရိုဂရမ်များတွင် ပါဝင်နေသည့် သို့မဟုတ် စီမံခန့်ခွဲနေသည့် အဖွဲ့အစည်းများကို လူမျိုး၊ အသားအရောင်၊ နိုင်ငံသားဇစ်မြစ်၊ လိင်၊ မသန်စွမ်းမှု၊ အသက်ပေါ်တွင် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ သို့မဟုတ် USDA က ဆောင်ရွက်သော သို့မဟုတ် ရန်ပုံငွေပံ့ပိုးထားသော ပရိုဂရမ် သို့မဟုတ် ဆောင်ရွက်ချက် တစ်စုံတစ်ရာရှိ အများပြည်သူရပိုင်ခွင့်များကို ဦးစားပေးသော ဆောင်ရွက်ချက်အတွက် လက်စားချေခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းမှ တားမြစ်ထားပါသည်။

ပရိုဂရမ်အချက်အလက်များ (ဥပမာ၊ မျက်မမြင်စာ၊ စာလုံးကြီးပုံနှိပ်မှု၊ အော်ဒီယိုတိပ်၊ အမေရိကန် ခြေဟန်လက်ဟန်ဘာသာစကား၊ စသည်တို့) အတွက် အခြားသော ဆက်သွယ်ဆက်ဆံမှုနည်းလမ်းများကို လိုအပ်နေသည့် မသန်စွမ်းမှုရှိနေသူများသည် အကျိုးခံစားခွင့်များအတွက် ၎င်းတို့လျှောက်ထားထားသော အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသတွင်း) ထံ ဆက်သွယ်သင့်ပါသည်။ နားမကြားသူ၊ အကြားအာရုံ ခက်ခဲနေသူ သို့မဟုတ် စကားပြောဆိုရာတွင် အခက်အခဲရှိနေသူများသည် ဖက်ဒရယ် လက်ဆင့်ကမ်းဝန်ဆောင်မှုထံ (800) 877-8339 သို့ဆက်သွယ်ခြင်းမှတစ်ဆင့် USDA ထံ ဆက်သွယ်နိုင်ပါသည်။ ထို့အပြင်၊ ပရိုဂရမ်အချက်အလက်များကို အင်္ဂလိပ်ဘာသာမဟုတ်သော အခြားဘာသာစကားများဖြင့် ရရှိနိုင်အောင် ပြုလုပ်ထားနိုင်ပါသည်။

ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်၍ ပရိုဂရမ်တိုင်ကြားချက်ကို တင်ပြရန်၊ အွန်လိုင်း https://www.ascr.usda.gov/sites/default/files/Complain_combined_6_8_12_508_0.pdf တွင် တွေ့ရှိနိုင်ပြီး၊ USDA ရုံးတစ်ခုခုတွင် တွေ့ရှိနိုင်သော USDA ပရိုဂရမ် ခွဲခြားဆက်ဆံမှု တိုင်ကြားချက် ဖောင် (AD-3027) ကို ပြည့်စုံအောင်ဖြည့်စွက်ပါ၊ သို့မဟုတ် USDA ထံလိပ်မူသော စာတစ်စောင်ရေးသားကာ ဖောင်တွင် တောင်းဆိုထားသောအချက်အလက်များအားလုံးကို စာထဲတွင် ထည့်သွင်းဖော်ပြပေးပါ။ တိုင်ကြားမှု ဖောင် မိတ္တူတစ်စောင်ကို တောင်းဆိုရန်၊ (866) 632-9992 ထံ ဖုန်းခေါ်ဆိုပါ။ သင်၏ ပြည့်စုံအောင်ဖြည့်စွက်ထားသော ဖောင် သို့မဟုတ် စာကို USDA ထံ ဖော်ပြပါအတိုင်း တင်ပြပေးပါ-

မေးလ်- U.S. Department of Agriculture, Office of the Assistant Secretary for Civil Rights, 1400 Independence Avenue SW, Washington, DC 20250-9410;

ဖက်စ်- (202) 690-7442၊ သို့မဟုတ်

အီးမေးလ်- program.intake@usda.gov

ဤအဖွဲ့အစည်းသည် သာတူညီမျှအခွင့်အလမ်း ဖြည့်ဆည်းပေးသူ ဖြစ်ပါသည်။

အောက်တွင်လက်မှတ်ရေးထိုးထားသော ရက်စွဲတွင် TEFAP အစားအစာများကို လက်ခံရရှိခဲ့ပါသည်။

| **တရားဝင်အမည်** | **လက်မှတ်** | **ရက်စွဲ** |
|---|---|---|
| | | |

| | | |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |